ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

**Coronavirus Disease 2019 (COVID -19) နှင့်စပ်လျဉ်း၍**
**စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ လိုက်နာဆောင်ရွက်ရန်**
**အသိပေးထုတ်ပြန်ကြေညာခြင်း**

၁၃၈၂ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်
(၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၁၉ ရက်)

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါ(Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019 (COVID-19) ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ အကြံပြုချက်၊ သတ်မှတ်ချက်များနှင့်အညီ လိုက်နာဆောင်ရွက်ပြီးမှသာ ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့်ကျွမ်းကျင်မှုဆိုင်ရာပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀၂၀ပြည့်နှစ်၊ ဧပြီလ ၂၀ ရက်မှ ၃၀ ရက်အတွင်း စစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ပြီး၊ သတ်မှတ်ချက်များနှင့်ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ စစ်ဆေးမှုများဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ ဦးစားပေးအစီအစဉ်အတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) ဆေးဝါးထုတ်လုပ်ရေးစက်ရုံများ၊
(ခ) စားသောက်ကုန်ထုတ်လုပ်ရေးစက်ရုံများ၊
(ဂ) ကျန်းမာရေးလိုအပ်ချက်များနှင့်ကိုက်ညီပြီး၊ ဖွင့်လှစ်ရန် အသင့်ဖြစ်နေသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ၊
(ဃ) လုပ်သားဦးရေ(၁၀၀၀)နှင့်အထက်ရှိသော စက်ရုံ၊ အလုပ်ရုံများ။
(င) အခြားစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများ

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန